ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၈ – ဇန်နဝါရီ ၂၀၁၃

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ၂၀၁၂ခုနှစ် 'ဒီဇင်ဘာလ ၁၄ရက်တွင် နောက်ဆုံးရက်သတ်မှတ်၍ နိုင်/စစ်လုပ်ငန်းစဉ် ပြုလုပ်ရန် အကျုံးဝင်သော ရွှေ့ပြောင်းလုပ်သားများ၏ တရားဝင်နေထိုင်ခွင့်ပြုခြင်းအပေါ်တွင် အစိုးရအဖွဲ့၏ နောက်ဆုံးထုတ်ပြန်လိုက်သော ဆုံးဖြတ်ချက်များနှင့် ဆက်စပ်သော သတင်းအချက်အလက်များအပါအဝင် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နောက်ဆုံးထုတ်ပြန်ထားသော ကြေငြာချက်များနှင့် စည်းမျဉ်းများ၊ အိမ်တွင်းလုပ်ငန်းလုပ်ကိုင်သူများဆိုင်ရာ အခွင့်အရေးသတ်မှတ်ချက်များနှင့် ရေလုပ်သားများ ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (၇)ခု တည်ထောင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၏ လေ့လာသုံးသပ်ချက်များ ပါဝင်သည်။

၁။ တရားမဝင်သော ရွှေ့ပြောင်းလုပ်သားများ၏ တရားဝင်နေထိုင်ခွင့် ပြုလုပ်ပေးခြင်းကာလ သက်တမ်းတိုးမြှင့် ပေးခြင်းအပေါ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်

၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၄ရက်တွင် နောက်ဆုံးရက်သတ်မှတ်ထားသော နိုင်/စစ်လုပ်ငန်းစဉ် ပြုလုပ်ခြင်း စီမံချက်ကို အကြောင်းပြု၍ ပုံမှန်တရားဝင်နေထိုင်ခွင့်မရှိသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားများနှင့် ၄င်းတို့၏အသက် ၁၅နှစ်အောက် ကလေးများအတွက် 'သက်ညှာမှုကာလ' အဖြစ် ရက်ပေါင်း ၁၂၀ ထပ်မံခွင့်ပြုပေးမည့် ဆုံးဖြတ်ချက်အသစ် တစ်ခုကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် အစိုးရအဖွဲ့မှ သဘောတူသတ်မှတ်ထိုးပေးခဲ့သည်။ ထိုသက်ညှာမှုကာလ သည် အလုပ်ရှင်များနှင့် ရွှေ့ပြောင်းလုပ်သားများအား ၄င်းတို့၏ သားသမီးများနှင့်အတူ ထိုင်းနိုင်ငံအတွင်း တရားဝင်နေ ထိုင်ပြီး အလုပ်လုပ်ကိုင်ခွင့်ရရှိနိုင်စေရန် ခွင့်ပြုပေးနိုင်မည့် တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးလုပ်ငန်းစဉ်များ ပြီးစီးအောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သတ်မှတ်ပေးလိုက်ခြင်း ဖြစ်သည်။

အောက်ပါအချက်များသည် သဘောတူညီချက်အသစ်အရ သတိပြုရမည့် ရွှေ့ပြောင်းလုပ်သားများအတွက် အရေးကြီးသော သတင်းအချက်အလက်များ ဖြစ်သည် –

၁။ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေး လုပ်ငန်းစဉ်ကို အောက်ပါအချက်များနှင့် ပြည့်စုံသူများအတွက် ခွင့်ပြုဖွင့်လှစ်ထားသည် –
(က) ထိုင်းနိုင်ငံအတွင်း အသက်၁၅နှစ်အောက် သားသမီးများနှင့်လက်ရှိအတူ နေထိုင်လျှက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနှင့်လာအို တရားမဝင်သော ရွှေ့ပြောင်းလုပ်သားအားလုံး၊
(ခ) ၁၄.၁၂.၁၂ရက်နေ့မှတ်တမ်းအရ နိုင်/စစ်လုပ်ငန်းစဉ်မပြီးဆုံးသေးသော ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားအားလုံး၊

၂။ ရွှေ့ပြောင်းလုပ်သားများသည် တရားဝင်နေထိုင်ခွင့်ရရှိရေး လုပ်ငန်းစဉ်လုပ်ဆောင်ရန် ၄င်းတို့၏မူရင်းနိုင်ငံများသို့ ပြန်လည်သွားရောက်ရန် မလိုအပ်ပါ။

၃။ ထိုလုပ်ငန်းစဉ်အသစ်ကို ၂၀၁၃ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် အပြီးသတ်လုပ်ဆောင်သွားမည်။

၄။ တရားဝင်နေထိုင်ခွင့် ပြုလုပ်ပြီးသည်နှင့်တပြိုင်နက် လာအိုရွှေ့ပြောင်းလုပ်သားများသည် တစ်နှစ်သက်တမ်းရှိ ယာယီနိုင်ငံကူးလက်မှတ်၊ မြန်မာရွှေ့ပြောင်းလုပ်သားများသည် ၆နှစ်သက်တမ်းရှိ ယာယီနိုင်ငံကူးလက်မှတ်နှင့် ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများသည် ၃နှစ်သက်တမ်းရှိ ပုံမှန်နိုင်ငံကူးလက်မှတ်များ အသီးသီးရရှိနိုင်မည် ဖြစ်သည်။

၅။ တရားမဝင်သော ရွှေ့ပြောင်းလုပ်သားများ၏ အလုပ်ရှင်များသည် **၂၀၁၃ခုနှစ် မတ်လ ၁၆ရက်** နောက်ဆုံးထား၍ သက်ဆိုင်ရာ စာရွက်စာတမ်းများကို ဒေသဆိုင်ရာ/ဘန်ကောက် အလုပ်အကိုင်ခန့်ထားရေး ရုံးများသို့ တတ်နိုင်သမျှ အမြန်ဆုံး ပေးပို့လျှောက်ထားသွားရမည် ဖြစ်သည်။

၆။ ထိုအချက်အလက်များတွင် ၁)တရားဝင်နေထိုင်ခွင့်ပြုချက် လုပ်ဆောင်လိုသော ရွှေ့ပြောင်းလုပ်သား အမည်စာရင်း၊ ၂)လုပ်သားတောင်းခံချက်လျှောက်လွှာတစ်စောင်၊ ၃)ရွှေ့ပြောင်းလုပ်သား၏ကိုယ်ရေးအချက်အလက်ပုံစံ၊ ၄)အလုပ်လုပ်ကိုင်ခွင့်စာချုပ်တစ်ခု၊ ၅)ရွှေ့ပြောင်းလုပ်သားမျာခန့်ထားရန် ခွင့်ပြုပေးထားသည့် ပမာဏ၊ ၆)အလုပ်ရှင်၏ နိုင်ငံသား စိစစ်ရေးကဒ်နှင့် အိမ်ထောင်စုမှတ်ပုံတင်လက်မှတ် (အလုပ်ရှင်ကိုယ်တိုင်ဖြစ်ပါက) သို့မဟုတ် ဥပဒေပညာရှင်၏ မှတ်တမ်းစာတစ်စောင်၊ ၇)(အလုပ်ရှင်ကိုယ်စားလှယ်လွှဲအပ်ခံထားရသူဖြစ်ပါက) ကိုယ်စားလှယ်လွှဲအပ်ခံထားရသူနှင့် ခွင့်ပြု ပေးသူတို့၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူတစ်စုံစီ အပါအဝင် ဘတ်(၁၀)တန် တံဆိပ်ခေါင်းကပ်ထားသော အခွင့်အာဏာ လွှဲအပ်ထားကြောင်း အထောက်အထားနှင့် ၄×၆ စင်တီမီတာ အရွယ် ဓါတ်ပုံ ၄ပုံ ပါဝင်ရမည်။

၇။ အလုပ်အကိုင်ခန့်ထားရေးဌာန(DOE)သို့ လုပ်ငန်းရှင်များမှတင်ပြလာသော ရွှေ့ပြောင်းလုပ်သားများ၏ အချက်အလက်များကို ရှေ့ဆက်လုပ်ဆောင်ရန်နှင့် ခွင့်ပြုချက်ရယူနိုင်ရန် မူရင်းနိုင်ငံများသို့ ဆက်လက်ပေးပို့ သွားမည်။

၈။ မူရင်းနိုင်ငံများ၏ ခွင့်ပြုချက်ရရှိသည်နှင့်တပြိုင်နက် ရွှေ့ပြောင်းလုပ်သားများနှင့် ၄င်းတို့၏ သားသမီးများအတွက် **ယာယီနိုင်ငံကူးလက်မှတ် သို့မဟုတ် ပုံမှန်နိုင်ငံကူးလက်မှတ်များ**ကို အသစ်ဖွင့်လှစ်ထားသော **ထိုင်းနိုင်ငံ အတွင်းရှိ တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးထိ ဆောင်ရွက်နိုင်သောဌာန** (One Stop Service Centers - OSSCs) **၁၂** ခုတွင် ထုတ်ယူနိုင်ရန် အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရွှေ့ပြောင်းလုပ်သားများအား အကြောင်းကြားပေးသွားမည် ဖြစ်သည်။[၁]

OSSCs များကို ထိုင်းနိုင်အတွင်း အောက်ပါဒေသများတွင် တည်ရှိပါသည်– ကန်ချနဘူရီ၊ ခွန်ကန်၊ ချင်းမိုင်၊ ချင်းရိုင်၊ ပထုမ်ဌာဏီ၊ ရနောင်း၊ ဆုန်ခလာ၊ ဆမွတ်ဆခွန်၊ ဆမွတ်ပရာကန်၊ ဆူရဌာဏီ၊ ရရောင်း နှင့် တာ့။ OSSCs ဌာနများကို ၂၀၁၃ခုနှစ် ဖေဖေါ်ဝါရီလ ၁၄ရက်နေ့တွင် တရားဝင်ဖွင့်လှစ်သွားမည် ဖြစ်သည်။

ချင်းရိုင်နှင့် တာခ်ခရိုင်ဒေသတို့ရှိ OSSCs တွင် တရားဝင်နေထိုင်ခွင့် ပြုလုပ်နေသည့် မြန်မာရွှေ့ပြောင်းလုပ်သားများသည် တာချီလိတ်နှင့်မြဝတီမြို့များရှိ မြန်မာလုပ်ငန်းရုံးများမှ ယာယီနိုင်ငံကူးလက်မှတ်ရယူရန် နယ်စပ်ကို ဖြတ်ကျော် သွားရောက်ရမည်ဖြစ်ပြီး၊ ထိုနေ့တွင်ပင် ထိုင်းနိုင်ငံအတွင်းရှိ OSSC သို့ အရောက်ပြန်လာပြီး (အခြေစိုက်ရန်ဝင်လာသူ မဟုတ်သော) ဗီဇာတံဆိပ်ခေါင်းနှင့်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရယူရန်နှင့်မိမိကိုယ်ရေးအချက်အလက်များကို OSSC သို့တင်ပြခြင်းတို့ပြုလုပ်ရမည် ဖြစ်သည်။

---

[၁] ဆုန်ခလာရှိ OSSC တွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် မြန်မာအရာရှိများမရှိပါ။ ထို့ကြောင့် ၄င်း OSSC သည် ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားများအတွက်သာ ဖြစ်သည်။

သတိပြုရန်– ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအတွက် အထူးအစီအစဉ်၊ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၆ရက်နေ့ တွင် ထိုင်းနှင့် ကမ္ဘောဒီးယားအာဏာပိုင်များပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ကမ္ဘောဒီးယားအာဏာပိုင်များမှ ၎င်းတို့၏ အလုပ်သမားများအား နိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ရန် ရွေ့လျားအဖွဲ့ ၅ဖွဲ့ကို စေလွှတ်ပေးသွားမည်။ ကမ္ဘောဒီးယားအာဏာပိုင်များမှ ဦးစားပေးခရိုင်များအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများနှင့် တွေ့ဆုံမေးမြန်းရန် အစီအစဉ် လုပ်ဆောင်ထားသည့်အတွက် ၂၀၁၂ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးအောင် ဆောင်ရွက်နိုင် ခြင်းမရှိသည့် ကမ္ဘောဒီးယားအလုပ်သမား ၁၆၀,၀၀၀ ခန့်၏ အမည်စာရင်းကို ထိုင်းအာဏာပိုင်များထံမှ တောင်းဆိုခဲ့သည်။ ကမ္ဘောဒီးယားအရာရှိများမှ နိုင်ငံကူးလက်မှတ်ရယူမည့် အလုပ်သမားအမည်စာရင်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ အလုပ်အကိုင်ခန့်ထားရေးဌာနသို့ အကြောင်းကြားပေးသွားမည်ဖြစ်သည်။ ထို့နောက် ထိုင်းနိုင်ငံဒေသဆိုင်ရာ အလုပ်အကိုင် ခန့်ထားရေးရုံးများမှ လုပ်ငန်းရှင်များအား နိုင်ငံကူးလက်မှတ်ရယူခြင်း၊ အလုပ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ကိုယ်ရေး အချက်အလက်စုဆောင်းခြင်းနှင့် ဗီဇာတံဆိပ်ခေါင်းရယူခြင်းတို့ကို OSSCs များတွင် ပြုလုပ်သွားနိုင်ရန် အကြောင်းကြား ပေးသွားမည်။

ဗီဇာကြေးမှာ ပထမဆုံးအကြိမ် တံဆိပ်ခေါင်းနှင့် သက်တမ်းတိုးရန် နှစ်ခုစလုံးအတွက် ထိုင်းဘတ်ငွေ ၅၀၀၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ကြေငြာချက် မထုတ်ပြန်သေးပါက အသက် ၁၅နှစ်အောက် ကလေးများအတွက် ဗီဇာကြေးမှာ ထိုင်းဘတ်ငွေ ၂၀၀၀ ဖြစ်သည်။ ဝန်ကြီးဌာနမှ ကြေငြာချက် ထုတ်ပြန်ပြီးသည်နှင့် တပြိုင်နက် ကလေးများအတွက် ဗီဇာကြေးမှာ ထိုင်းဘတ်ငွေ ၅၀၀ ပေးသွင်းရမည်ဖြစ်သည်။

၉။ ရွှေ့ပြောင်းလုပ်သားများသည် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော မည်သည့်ဆေးရုံ၌မဆို **ကျန်းမာရေးစစ်ဆေးမှု** (ထိုင်းဘတ်ငွေ ၆၀၀) ပြုလုပ်ရမည်၊ (သို့) OSSC များရှိ ရွေ့လျားကျန်းမာရေးစစ်ဆေးပေးသော ယာဉ်သို့ သွားရောက်၍ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ရမည်။ **အလုပ်လုပ်ကိုင်ခွင့်လက်မှတ်**ရရှိရန် ကျန်းမာရေး စစ်ဆေးမှုအောင်မြင်ကြောင်းလက်မှတ် လိုအပ်သည်။ လုပ်ငန်းရှင်များမှ ရွှေ့ပြောင်းလုပ်သား၏ ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ကြောင်းလက်မှတ်ကို ဘန်ကောက်/ဒေသဆိုင်ရာ အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ ပေးပို့သည်နှင့် တပြိုင်နက် အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိမည် ဖြစ်သည်။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းမှာ တစ်နှစ် ဖြစ်သည်။ (ဒေသနှင့် အလုပ်အကိုင်အမျိုးအစားပေါ်မူတည်၍ ဘတ် ၉၀၀ – ၁၈၀၀ အကြားပေးသွင်းရမည်။)

၁၀။ လုပ်ငန်းရှင်များသည် အလုပ်သမားဝန်ကြီးဌာန၏ လူမှုအဖွဲ့အစည်းလုံခြုံရေးရုံးမှ ချမှတ်ထားသော လူမှုအဖွဲ့ အစည်းလုံခြုံရေးစီမံချက်သို့ ရွှေ့ပြောင်းလုပ်သားဝင်ရောက်မှုအတွက် ဆောင်ရွက်ပေးရမည်။ လူမှုအဖွဲ့အစည်း လုံခြုံရေး စီမံချက်သို့ ဝင်ရောက်ရန် သတ်မှတ်ချက်မပြည့်မီသော လုပ်ငန်းများမှ ရွှေ့ပြောင်းလုပ်သားများအတွက် ပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာန (သို့) ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ကျန်းမာရေးအာမခံရရှိနိုင်ရေးအတွက် လုပ်ငန်းရှင်များ တွင် တာဝန်ရှိသည်။

အစိုးရအဖွဲ့သည် တရားမဝင် ရွှေ့ပြောင်းလုပ်သားများအတွက် သက်ညှာမှုကာလရက်ပေါင်း ၁၂၀ သတ်မှတ်ချက်အပြင်၊ လူမှုအဖွဲ့အစည်းလုံခြုံရေးစီမံချက်မှ အကျိုးခံစားခွင့်မရနိုင်သော ရွှေ့ပြောင်းလုပ်သားအားလုံးအတွက် ကျန်းမာရေး စောင့်ရှောက်မှု သေချာစွာဆောင်ရွက်နိုင်ရန် ဦးဆောင်လုပ်ကိုင်ပေးမည့်အဖွဲ့အစည်းတစ်ခုအဖြစ် ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားဘဝ လုံခြုံရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်းရွှေ့ပြောင်းလုပ်သားများအတွက် ကျန်းမာရေးတိုးတက်စေရန် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ ကူးစက်ရောဂါကာကွယ်တားဆီးခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ အတွက် ကြေငြာချက်များအား ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

လုပ်ငန်းစဉ်ဆောင်ရွက်ပုံပြဇယား

လုပ်ငန်းရှင်များ ပြင်ဆင်ရန်

- တောင်းခံလျှောက်လွှာ
- အမည်စာရင်း
- ရွှေ့ပြောင်းလုပ်သား ကိုယ်ရေးအချက်အလက်ပုံစံ (သက်ဆိုင်ရာ နိုင်ငံ၏ တရားဝင်ပုံစံ)
- ရွှေ့ပြောင်းလုပ်သား ဓါတ်ပုံများ
- ရွှေ့ပြောင်းလုပ်သား အလုပ်ခန့်ထားခွင့် (ခွင့်ပြုချက် ပမာဏ)
- အလုပ်လုပ်ကိုင်သည့် စာချုပ်
- လုပ်ငန်းရှင်၏ အခြားစာရွက်စာတမ်းများ

ထိုင်းနိုင်ငံ ဒေသဆိုင်ရာ အလုပ်အကိုင်ခန့်ထားရေးရုံးများ မှ စာရွက်စာတမ်းများအား စစ်ဆေးပြီး အလုပ်အကိုင်ခန့်ထားရေးဌာန (DOE) သို့ ပေးပို့မည်။

ထိုင်းနိုင်ငံ DOE မှ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံသံရုံးများသို့ ဆက်လက်ပေးပို့မည်။

မြန်မာ၊ ကမ္ဘောဒီးယားနှင့်လာအို

- စာရွက်စာတမ်းများအား စိစစ်အတည်ပြုခြင်း (ကမ္ဘောဒီးယား– လုပ်ငန်းခွင်များတွင် အရာရှိတစ်ဦးမှ ရွှေ့ပြောင်းလုပ်သားများနှင့် တွေ့ဆုံမေးမြန်းသွားမည်။)
- ယာယီ/ပုံမှန် နိုင်ငံကူးလက်မှတ်များ ခွင့်ပြုပေးနိုင်ရန် ပြင်ဆင်ခြင်း
- ယာယီ/ ပုံမှန်နိုင်ငံကူးလက်မှတ် ခွင့်ပြုပေးနိုင်သော ရွှေ့ပြောင်းလုပ်သား အမည်စာရင်းကို အလုပ်အကိုင် ခန့်ထားရေးဌာနသို့အကြောင်းကြားခြင်း

အလုပ်အကိုင်ခန့်ထားရေးဌာန (DOE)

- ရွှေ့ပြောင်းလုပ်သား အမည်စာရင်းအား ထိုင်းနိုင်ငံအတွင်းရှိ OSCCs ဌာနများ သို့ ပေးပို့ အကြောင်းကြားခြင်း
- ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ရနိုင်ရန်လိုအပ်သည့် ယာယီ/ပုံမှန် နိုင်ငံကူးလက်မှတ်များ ထုတ်ယူနိုင်ရန် ရွှေ့ပြောင်းလုပ်သားများအား OSSCs ဌာနများသို့ ခေါ်ဆောင်လာနိုင်စေရန် လုပ်ငန်းရှင်များသို့ ထပ်မံပေးပို့မည့် အကြောင်းကြားချက်များအတွက် အမည်စာရင်းအား ဘန်ကောက်/ ဒေသဆိုင်ရာ အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ အကြောင်းကြားပေးခြင်း၊ ထိုဌာနများကို ခရိုင် ၁၂ခုတွင် ဖွင့်လှစ်သွားမည်–ဆမွတ်ပရာကန်၊ဆမွတ်ဆခွန်၊ ဆူရဌာဏီ၊ ဆုန်ခလာ၊ ပထုမ်ဌာဏီ၊ ရရောင်း၊ ကန်ချနဘူရီ၊ ခွန်ကန်၊ ချင်းမိုင်၊ ချင်းရိုင်၊ တာ့ခ်နှင့် ရနောင်းခရိုင်များ

တစ်နေရာတည်း အပြီးသတ် ဆောင်ရွက်နိုင်သောဌာနများ (One Stop Service Centers)

၁။ အလုပ်အကိုင်ခန့်ထားရေးဌာနမှရွှေ့ပြောင်းလုပ်သားများနှင့် အမည်စာရင်းစစ်ဆေးခြင်း
၂။ မြန်မာ/ကမ္ဘောဒီးယား/လာအို အရာရှိများမှ တွေ့ဆုံမေးမြန်းပြီး ယာယီ/ ပုံမှန် နိုင်ငံကူးလက်မှတ် ခွင့်ပြုပေးခြင်း
၃။ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရွှေ့ပြောင်းလုပ်သားများ၏ ကိုယ်ရေးအချက်များ စုဆောင်းခြင်း
၄။ လုပ်ငန်းရှင်မှ အလုပ်လုပ်ကိုင်ခွင့်ပုံစံ(WP.2) လျှောက်ထားပြီး အလုပ်အကိုင်ခန့်ထားရေးဌာနသို့ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကြေးပေးသွင်းခြင်း
၅။ ရွှေ့ပြောင်းလုပ်သား၏ နိုင်ငံကူးလက်မှတ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနမှ အခြေစိုက်ဝင်ရောက်နေထိုင်သူမဟုတ်သော တံဆိပ်တုံး ရိုက်နှိပ်ပေးခြင်း

မှတ်ချက်–တာ့ခ်နှင့်ချင်းရိုင်ခရိုင်များ၌ရှိ OSSCs ဌာနများသို့ သွားရောက်ရမည့် မြန်မာရွှေ့ပြောင်း လုပ်သားများသည် နယ်စပ်ဖြတ်ကျော်၍ ယာယီနိုင်ငံကူးလက်မှတ် ရယူ ရန် မြဝတီနှင့် တာချီလိတ်မြို့များသို့ သွားရောက်ရမည်။

ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေး စစ်ဆေးမှုခံယူပြီး ကျန်းမာရေးစစ်ဆေးချက် လက်မှတ်ထုတ်ယူခြင်း၊ အလုပ်လုပ်ကိုင်ခွင့်ရရှိရန် ယာယီ/ ပုံမှန် နိုင်ငံကူး လက်မှတ် မိတ္တူတစ်စုံ (ဗီဇာနှင့် ကိုယ်ရေးအချက်အလက် စာမျက်နှာများ)ကို ဘန်ကောက်/ခရိုင် အလုပ်အကိုင်ခန့်ထားရေးရုံးများ (DOE) သို့ ပေးပို့ခြင်း၊

၂။ အလုပ်သမားဝန်ကြီးဌာနမှ အိမ်တွင်းအကူအလုပ်လုပ်ကိုင်သူများအတွက် အခြေအနေတိုးတက်မြင့်မားလာစေရန် ကြေငြာချက်များ ပြင်ဆင်ထုတ်ပြန်ခြင်း

၂၀၁၂ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး မစ္စတာပါဒမ်ချိုင်ဆာဆွန်ဆပ်သည် ပြင်ဆင်ထုတ်ပြန်ကြေငြာချက်အဖြစ် ၂၀၁၂ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့စွဲဖြင့် ဝန်ကြီးဌာန ကြေငြာချက်အမှတ် ၁၄ကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၉ရက်နေ့ အစိုးရပြန်တမ်းပါ ကြေငြာချက်အရ အပိုဒ်(က)နှင့် မကိုက်ညီသော အလုပ်လုပ်ကိုင်နေသည့်နေရာတွင်သန့်ရှင်းရေးကုမ္ပဏီတစ်ခုခုတွင်လုပ်ကိုင်နေသူများမဟုတ်သည့် အိမ်တွင်းအကူ အလုပ်လုပ်ကိုင်နေသူများ အတွက် အောက်ပါအတိုင်း သတ် မှတ်လိုက်သည် —

၁။ သီတင်းပတ်တစ်ပတ်တွင် အနည်းဆုံး အားလပ်ရက်တစ်ရက် ရရှိရမည်။
၂။ တစ်နှစ်တွင်ရှိသော အစိုးရရုံးပိတ်ရက် ၁၃ရက်၌ လုပ်ခဖြင့် အားလပ်ခွင့်ရှိရမည်။
၃။ အလုပ်လုပ်သော ကာလ တစ်နှစ်ကျော်ပါက လုပ်ခပါဝင်သော နှစ်စဉ်ခွင့်ရက်အဖြစ် ၆ရက် ရရှိရမည်။
၄။ နေထိုင်မကောင်းပါက ဆေးခွင့်ယူနိုင်ခွင့်ရမည်။ ၃ရက်ထက် ကျော်လွန်ပြီး ဆေးခွင့်ယူမည်ဆိုပါက အလုပ်ရှင်များသည် အလုပ်သမားများထံမှ ကျန်းမာရေးစစ်ဆေးချက် လက်မှတ်အား တောင်းဆိုခွင့်ရှိသည်။
၅။ လုပ်ခဖြင့် ဆေးခွင့်ခံစားမှုသည် ရက်ပေါင်း ၃၀ ထက်မကျော်လွန်စေရ။
၆။ အသက်၁၈နှစ်အောက်ကလေးများလုပ်ခလစာကို အလုပ်ရှင်များထံမှ တိုက်ရိုက်ရယူနိုင်ရမည်။ လုပ်ခလစာများအား ကြားခံအဖွဲ့တစ်ခုခုမှ ဖြစ်စေ၊ အကျိုးဆောင်များနှင့် ပွဲစားများမှဖြစ်စေ တဆင့်ပေးအပ်ခြင်းကို အလုပ်ရှင်များအား တားမြစ်လိုက်သည်။
၇။ အားလပ်ရက်များတွင် အလုပ်လုပ်ရမည်ဆိုပါက အချိန်ပိုလုပ်ခကြေး ခံစားခွင့်ရရှိစေရမည်။

၃။ ရေလုပ်သားပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနအသစ်များအတွက် ညွှန်ကြားချက်နှင့် စမ်းစစ်ချက်များကို အလုပ်အကိုင်ခန့်ထားရေးဌာနမှ အဆိုပြုခြင်း

၂၀၁၂ခုနှစ် အောက်တိုဘာလ ၉ရက်နေ့တွင် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လူမှုဖွံ့ဖြိုးရေးနှင့် လူသားဘဝလုံခြုံရေးဝန်ကြီးဌာနမှ ရေလုပ်သားပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန ၇ခု တည်ထောင်သွားမည့် စီမံချက်ကို အတည်ပြုပေးခဲ့ပြီး အလုပ်အကိုင်ခန့်ထားရေးဌာနမှ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်နှင့် အခန်းကဏ္ဍများ သတ်မှတ်ခြင်း၊ တာဝန်ဝတ္တရားများ၊ လုပ်ငန်းစဉ်လည်ပတ်မည့် ယန္တရားများနှင့် ၎င်းဗဟိုဌာနများ အသက်ဝင် လုပ်ကိုင်နိုင်စေရန် ညွှန်ကြားချက်များကို ထုတ်ပြန်ပေးခဲ့သည်။ ထိုညွှန်ကြားချက်များတွင် အောက်ပါ အချက်များ ပါဝင်သည်။

၁။ လူမှုဖွံ့ဖြိုးရေးနှင့် လူသားဘဝလုံခြုံရေးဝန်ကြီးဌာနမှ အမျိုးသားဆပ်ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ဗဟိုဌာနများအား ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဗဟိုဌာနများ၏ စွမ်းဆောင်ရည်တိုးတက် မြင့်မားစေရန် လမ်းညွှန်ပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပြီး ဗဟိုဌာနများ၏ ဆောင်ရွက်ချက်များအား တိုက်ရိုက်ကြီးကြပ် တာဝန်ယူပေးသွားမည်ဖြစ်သည်။

၂။ ရွှေ့ပြောင်းလုပ်သားခေါ်ယူပေးနိုင်ရန် ဗဟိုဌာနများအား ထောက်ပံ့ပေးရန်အတွက် တာဝန်ရှိသော အာဏာပိုင်အဖွဲ့အစည်းများမှာ အလုပ်သမားများကာကွယ်စောင့်ရှောက်ရေးနှင့် သက်သာချောင်ချိရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းရှင်များအသင်းနှင့် ၎င်းတို့၏ ဒေသဆိုင်ရာကိုယ်စားလှယ်များ ဖြစ်သည်။

၃။ ထိုညွှန်ကြားချက်တွင် လုပ်အားခ(သို့) သက်သာချောင်ချိမှုခံစားခွင့် အငြင်းပွားမှုများနှင့် အလုပ်လုပ်ကိုင်ခွင့် စာချုပ်ကုန်ဆုံးခြင်း ကိစ္စရပ်များနှင့်အပါအဝင် လုပ်သားအသစ်ခေါ်ယူစုဆောင်းမှုနှင့် အလုပ်အကိုင်ခန့်ထားမှု လုပ်ငန်းစဉ်များအတွင်း အစုရှယ်ယာပါဝင်သူများအနေဖြင့် လိုက်နာရမည့် လုပ်ငန်းစဉ်များကို စည်းကမ်းသတ်မှတ် ပြဌာန်းပေးထားသည်။

စာရင်းဇယားများ

ဇယား ၁.၁– ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့အထိ အမ်အိုယူမှ ရယူထားသည့် ရွှေ့ပြောင်းလုပ်သား ရောက်ရှိမှုစာရင်း

နိုင်ငံသား	တရားဝင်အလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်ငံကူးလက်မှတ်ဖြင့် အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းလုပ်သားအရေအတွက်
ကမ္ဘောဒီးယား	၁၃၂,၂၀၁
လာအို	၃၆,၇၃၆
မြန်မာ/ ဗမာ	၃၄,၀၂၂
စုစုပေါင်း	**၂၀၂,၉၅၉**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

ဇယား ၁.၂– ၂၀၁၀ခုနှစ် မှ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့အထိ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	လက်ရှိအလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်/စစ် လုပ်ငန်းစဉ်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယား	၁၁၇,၂၈၇
လာအို	၃၄,၉၉၉
မြန်မာ/ ဗမာ	၁,၁၇၉,၃၄၁
စုစုပေါင်း	**၁,၃၃၁,၆၂၇**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သား စီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှ ထုတ်ဝေပါသည်။ စုံစမ်းလိုပါက ဖုန်း .: 02-3439300, fax(ဖက်စ်): 02-3439399, or e-mail: migrantnews@iom.int သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အင်တာနက်တွင် အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။
http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/